# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၁။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ ဟု ခေါ်ရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၃၄ အောက်တွင်၊ အောက်ပါကို အခန်း ၉ အဖြစ်ထည့်သွင်းရမည်။

"အခန်း ၉။

<u>မှုခင်းနှင့်ပြစ်ဒဏ်။</u>

၃၅။ ။တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို—

(က) သင်္ဘောခ ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်၊ သင်္ဘောခကြိုတင် ပေးဆောင်ခြင်းမပြုဘဲ၊ အဖွဲ့ပိုင်သင်္ဘောတွင် စီးနင်းလိုက်ပါလျှင်၊ သို့တည်းမဟုတ် စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်လျှင်၊

(ခ) အဖွဲ့ပိုင်သင်္ဘောတွင် တခုခုသောခရီးအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက်၊ အဆိုပါခရီးကို ကျော်လွန်ကြောင်း သိလျက်နှင့် ထိုကျော်လွန်သည့်ခရီးအတွက် နောက်ထပ်သင်္ဘောခ ပေးဆောင်ခြင်းမှ လွတ်ကင်းရန်ရည်ရွယ်ချက်ဖြင့်၊နောက်ထပ် သင်္ဘောခကြိုတင် ပေးဆောင်ခြင်းမပြုဘဲ၊ အဖွဲ့ပိုင်သင်္ဘောတွင် တမင်ဆက်လက်စီးနင်းလိုက်ပါလျှင်၊သို့တည်းမဟုတ် ဆက်လက်စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်လျှင်၊

(ဂ) အဖွဲ့ပိုင်သင်္ဘောတွင် တခုခုသောခရီးအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက်၊ အဆိုပါခရီးသို့ ရောက်ရှိကြောင်း သိလျက်နှင့် သင်္ဘောမှထွက်ခွါသွားရန် တမင်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆန်လျှင်၊

(ဃ) လူနှင့်အတူယူဆောင်သော ပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ လွတ်ကင်းရန်ရည်ရွယ်ချက်ဖြင့်၊ ကျသင့်သော တန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ၊ သို့တည်းမဟုတ် ကျသင့်သောတန်ဆာခကို အပြည့်ပေးဆောင်ခြင်းမပြုဘဲ၊ အဖွဲ့ပိုင်သင်္ဘောတွင် လူနှင့်အတူပစ္စည်းများတင်ဆောင်လျှင်၊ သို့တည်းမဟုတ် တင်ဆောင်ရန်ကြိုးစားအားထုတ်လျှင်၊

(င) အကယ်ကျသင့်သော သဘော်ခကိုပေးဆောင်ခြင်းမှ လွတ်ကင်းရန်ရည်ရွယ်ချက်ဖြင့်၊ အဖွဲ့ပိုင်သဘော်တွင် သဘော်ခနေရာအဆင့်အတန်းတခုအတွက် သဘော်ခပေးဆောင်လျက်၊ ထိုနေရာအဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင်၊သို့တည်းမဟုတ် အခန်းတွင်စီးနင်းလိုက်ပါလျှင်၊

(စ) အဖွဲ့ပိုင်သဘော်တွင် စီးနင်းလိုက်ပါလျက်၊ သဘော်၏ ရာထမ်းမှုထမ်းများက သဘော်လက်မှတ်ဝယ်ယူရန်စေခိုင်းသော်လည်း သဘော်လက် မှတ် မ ဝယ် ယူလျှင်၊ သို့တည်းမဟုတ် သဘော်လက်မှတ်ထုတ်ပြရန် စေခိုင်းသော်လည်း၊ သဘော်လက်မှတ်ထုတ်မပြလျှင်၊သို့တည်းမဟုတ် ခရီးအဆုံးတွင်သဘော်လက်မှတ်ပြန်အပ်ရန် တောင်းဆိုသော်လည်း သဘော် လက်မှတ် ပြန်မအပ်လျှင်၊

(ဆ) အဖွဲ့ပိုင်သဘော်တွင်စီးနင်းလိုက်ပါသောသူတဦးအတွက် ကျသင့်သော သဘော်ခကိုပေးဆောင်ခြင်းမှ လွတ်ကင်းစေရန်ရည်ရွယ်ချက်ဖြင့်၊ လက်မှတ်စစ်အားလိမ်လည်ပြသနိုင်စေခြင်းအလို့ငှါ၊ မိမိ၏လက်မှတ်ကို ထိုသူအားလွှဲပြောင်းပေးလျှင်၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခအပြည့်ပေးဆောင်ခြင်းမှ လွတ်ကင်းရန်ရည်ရွယ်ချက်ဖြင့်ဖြစ်စေ အဖွဲ့ပိုင်သဘော်ပေါ်တွင် မတရားသောနည်းဖြင့် ကုန်ပစ္စည်းများတင်ဆောင်လျှင်၊ သို့တည်းမဟုတ် တင်ဆောင်ရန်ကြိုးစားအားထုတ်လျှင်၊

(ဈ) အဖွဲ့ပိုင်သဘော်များတွင် အသုံးပြုသော လူစီးလက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက် မှတ်များကိုဖြစ်စေ၊ အခြားလက်မှတ်ကို၊ သို့တည်းမဟုတ် ပုံစံများကိုဖြစ်စေ၊ မတရားသဖြင့် အစားထိုးအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်လျှင်၊ သို့တည်းမဟုတ် အတုပြုလုပ်ရန် ကြိုးစား အားထုတ်လျှင်၊ သို့တည်းမဟုတ် အဆိုပါအတုလက်မှတ်ကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ၊ ထိန်းသိမ်းထားလျှင်၊ သို့တည်းမဟုတ် ရောင်းဝယ်လျှင်

ထိုသူသည်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်အခါ၊ အထက်ပါ ပြစ်မှုအသီးသီးအတွက် သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံထိုက်စေရမည်။ ထို့ပြင် ဤပုဒ်မအရ ကျူးလွန်သော ပြစ်မှုများသည်၊ ရဲအရာရှိအရေးယူပိုင်သော ပြစ်မှုများဖြစ်ရမည်။ ''

ပ၊မ၊ဗ၊စ၊——အမှတ် ၆၃၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၁၁-၅၄——၂,၀၀၀——၂။